# အာဆီယံဒေသတွင် ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာစေခြင်း

ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

အရှေ့တောင်အာရှဒေသသည် လက်တလောတွင် ဒေသတွင်းနေထိုင်သူများအားလုံး၏ လူ့အခွင့်အရေးများကို ခြိမ်းခြောက်နေသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဋိပက္ခနှင့် ရင်ဆိုင်နေရသည်။ ရာသီဥတုပြောင်းလဲမှုအရေးပေါ် အခြေအနေကို နိုင်ငံများအလိုက် ကောင်းမွန်စွာတုန့်ပြန်ဖြေရှင်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးပါသည်။ ဤစာတမ်းသည် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာ စေသည့်လုပ်ငန်းတွင် အရှေ့တောင်အာရှရှိလွှတ်တော်အမတ်များ သိရှိထားရမည့် အဓိကအချက်အလက်များနှင့် လွှတ်တော်အမတ်များ ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ် များကို သိရှိစေရန် ရည်ရွယ်ပါသည်။

## ရာသီဥတုပြောင်းလဲမှုကိုလျော့ပါးသက်သာစေခြင်းဆိုသည်မှာ အဘယ်နည်း။

ရာသီဥတုပြောင်းလဲမှုသည်  လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ကဲ့သို့သော ဖန်လုံအိမ် ဓာတ်ငွေ့များ အလွန်များပြားလာခြင်းကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့အပူချိန်မြင့်တက် လာမှုကို ဆိုလိုသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက် မှုများကို ဖြေရှင်းရန် နည်းလမ်း (၂) မျိုးရှိသည်။ ဖန်လုံအိမ်ဓာတ်ငွေ့အာနိသင်များကို လျော့ပါးစေမည့်လုပ်ငန်းများကို ဆောင်ရွက်သည့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါး သက်သာစေခြင်းနည်းလမ်းနှင့် ရာသီဥတုပြောင်းလဲမှု၏ လူမှုပတ်ဝန်းကျင်အပေါ်အကျိုး သက်ရောက်မှုကို လျော့ချသည့် ရာသီဥတုပြောင်းလဲမှုကိုလက်ခံခြင်း နည်းလမ်းတို့ ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုသည်  လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ကဲ့သို့သော ဖန်လုံအိမ် ဓာတ်ငွေ့များ အလွန်များပြားလာခြင်းကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့အပူချိန်မြင့်တက် လာမှုကို ဆိုလိုသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက် မှုများကို ဖြေရှင်းရန် နည်းလမ်း (၂) မျိုးရှိသည်။ ဖန်လုံအိမ်ဓာတ်ငွေ့အာနိသင်များကို လျော့ပါးစေမည့်လုပ်ငန်းများကို ဆောင်ရွက်သည့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါး သက်သာစေခြင်းနည်းလမ်းနှင့် ရာသီဥတုပြောင်းလဲမှု၏ လူမှုပတ်ဝန်းကျင်အပေါ်အကျိုး သက်ရောက်မှုကို လျော့ချသည့် ရာသီဥတုပြောင်းလဲမှုကိုလက်ခံခြင်း နည်းလမ်းတို့ ဖြစ်သည်။

## ပဲရစ်သဘောတူညီမှုဆိုသည်မှာအဘယ်နည်း။

၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် စတင်အသက်ဝင်ခဲ့သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ်သဘောတူညီမှုကို နိုင်ငံပေါင်း ၁၈၀ ကျော်က အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါနိုင်ငံများတွင် အာဆီယံနိုင်ငံများနှင့် တီမောလက်စ်တေနိုင်ငံလည်း ပါဝင်သည်။ သဘောတူညီမှုတွင်ပါသည့် ရည်မှန်းချက်များအနက် တစ်ခုမှာ ကမ္ဘာ့အပူချိန်မြင့်တက်လာ မှုကိုလျော့ချရန်ဖြစ်သည်။ စက်မှုတော်လှန်ရေးကာလအကြိုအဆင့်အထက်တွင်ရှိသည့် ၂ ဒီဂရီဆဲလ်ဆီးယက်စ်အောက်သို့လျော့ချရန်နှင့် စက်မှုတော်လှန်ရေးကာလအကြိုအဆင့် အထက်တွင်ရှိနေသည့် အပူချိန် ၁.၅ ဒီဂရီဆဲလ်ဆီးယက်စ်အထိ အပူချိန်မြင့်မားစေမည့် အရာ များကို ကန့်သတ်မည့် ကြိုးပမ်းမှုများကို ဆက်လက်လုပ်ဆောင်ရန် ဖြစ်သည်။

## နိုင်ငံအလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ အဘယ်နည်း။

ပဲရစ်သဘောတူညီချက်ပါရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ နိုင်ငံ အားလုံးသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင်နောက်ဆုံးထားပြီး  ကုလသမဂ္ဂထံသို့ “နိုင်ငံအလိုက် ဆောင်ရွက်ချက်များ(NDCs)”ဟုခေါ်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းအစီ အစဉ်များကို တင်သွင်းရမည် ဖြစ်သည်။ ပဲရစ်သဘောတူညီချက်နှင့်အညီ နိုင်ငံများအနေဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့များလျော့ချရန် မည်ကဲ့သို့ဆောင်ရွက်မည်ကို NDCs တွင် ရေးဆွဲဖော်ပြရမည်ဖြစ်သည်။ အာဆီယံနိုင်ငံများအားလုံးနှင့် တီမောလက်စ်တေ နိုင်ငံတို့သည် ၎င်းတို့၏ NDCs များကို တင်သွင်းပြီးဖြစ်သည်။ NDCs များကို ငါးနှစ် တစ်ကြိမ် ပြန်လည်သုံးသပ်ပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ဗြိတိန်နိုင်ငံ၌ပြုလုပ်မည့် COP 26 တွင် စတင်မည်ဖြစ်သည်။



## COP26 ဆိုသည်မှာအဘယ်နည်း။

ပဲရစ်သဘောတူညီချက်ကို United Nations Framework Concention on Climate Change ( UNFCCC ) အောက်တွင် ၂၀၁၅ ခုနှစ်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ COP ကို နှစ်စဉ်နှစ်တိုင်းကျင်းပပါသည်။ နောင်နှစ်တွင် ကျင်းပမည့် COP သည် COP 26 ဖြစ်ပြီး ကိုရိုနာကပ်ရောဂါဘေးကြောင့် ရွှေ့ဆိုင်းခဲ့ပြီးနောက် ဗြိတိန်နိုင်ငံ ဂလက်စဂိုမြို့တွင် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် နိုင်ငံများက တင်သွင်းသည့် နိုင်ငံအလိုက် ရာသီဥတုပြောင်းလဲမှုအပေါ်လုပ်ငန်းအစီအစဉ်များ (NDCs- Nationally Determined Contributions)  ကို ပထမဆုံးအကြိမ်သုံးသပ်ဆွေးနွေးမည့် ဖြစ်ပါသည်။

## အာဆီယံနိုင်ငံများက တင်သွင်းသည့် NDCS တွင် မည်သည့်ပြဿနာများရှိနေသနည်း။

ကုလသမဂ္ဂ၏ပြောကြားချက်အရ ကမ္ဘာ့ NDCs များမှာ လုံလောက်မှုမရှိပဲ ပဲရစ် သဘောတူညီချက်ဖြစ်သည့် အပူချိန်ကို ၂ ဒီဂရီဆဲလ်ဆီးယက်စ်အောက်တွင်သာ ရှိစေရန် ဟူသည့် ရည်မှန်းချက်ကို ပြည့်မီခြင်းမရှိသည်ကို တွေ့ရသည်။ ထို့အပြင် ကမ္ဘာ့အပူချိန်မှာ ၃.၂ ဒီကရီဆဲလ်ဆီးယက်ရှိနေပြီး အရှေ့တောင်အာရှတွင်နေထိုင်သူများ အတွက် အန္တရယ် အခြေအနေတစ်ရပ် ဖြစ်ပါသည်။ အရှေ့တောင်အာရှနိုင်ငံများက တင်သွင်းသည့် NDCs များအား သိပ္ပံပညာရှင်များက ပဲရစ်သဘောတူညီကို ပြည့်မီရန် လုံလောက်မှုမရှိကြောင်း ဖော်ပြခဲ့ပြီး အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံနှင့် စင်္ကာပူနိုင်ငံများ၏ NDCs အလွန်အမင်း လုံလောက်မှုမရှိကြောင်း ဖော်ပြခဲ့ကြသည်။

## အစိုးရများက မည်ကဲ့သို့ လုပ်ဆောင်သင့်ပါသနည်း။

ဒေသတွင်းနိုင်ငံများက ဆောင်ရွက်ထားသည့် လုံလောက်မှုမရှိသည့် NDCs များနှင့် ရင်ဆိုင်လျက်ရှိသည့် အန္တရာယ် အခြေအနေကြောင့် အာဆီယံနိုင်ငံအစိုးရများအနေဖြင့် COP26 မကျင်းပမီ  ၂၀၂၀ ပြည့်နှစ်အတွင်း ပဲရစ်သဘောတူချက်နှင့် လိုက်လျောညီထွေ ဖြစ်မည့် ပိုမိုကောင်းမွန်တိကျသည့် ရည်မှန်းချက်များနှင့် အဆင်မြှင့်တင်ထားသည့် NDCs ကို ပြန်လည်တင်သွင်းရမည် ဖြစ်သည်။ တီမောလက်စ်တေ၊ ကမ္ဘောဒီးယား၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည့် ၎င်းတို့၏ NDCs များကို အဆင့်မြှင့်တင်ပြီး ပြန်လည်တင်သွင်း ထားပြီး ဖြစ်သည်။ ကျန်ရှိသည့် အာဆီယံ အစိုးရများအနေဖြင့် ယင်းနိုင်ငံများအတိုင်း လိုက်နာ ဆောင်ရွက်သင့်ပါသည်။

# လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်နိုင်ပါသနည်း။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ မတိုင်မီ ပိုမိုရည်မှန်းချက်ကြီးသော **NDCs** အသစ်များကို တင်သွင်းရန် သက်ဆိုင်ရာအစိုးရများကို ဆော်ဩပါ။

လက်ရှိအချိန်တွင် တီမော လက်စ်တေ၊ ကမ္ဘောဒီးယား၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည့် ၎င်းတို့၏ **NDCs** များကို အဆင့်မြှင့်တင်ပြီး ပြန်လည်တင်သွင်းထားပြီး ဖြစ်သည်။ ကျန်ရှိသည့်အခြားအာဆီယံအစိုးရများ အနေဖြင့် ယင်းနိုင်ငံများအတိုင်း လိုက်နာ ဆောင်ရွက်သင့်ပါသည်။ အောက်တွင်ဖော်ပြထားသော နိုင်ငံအလိုက် ဆောင်ရွက်နိုင်မည့် အကြံပြုချက်များကို ကြည့်ပါ။

အန္တရာယ်ရှိသော အခြေအနေတစ်ရပ်ရှိနေသော်လည်း **NDCs** များကို အဆင့်မမြှင့် တင် သည့် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်းပြီး ၎င်းတို့၏မူဝါဒများကို ရှင်းလင်းပြသပေးရန် အစိုးရ အား လွှတ်တော်အတွင်းတွင်မေးခွန်းများမေးခြင်းဖြင့် အစိုးရအနေဖြင့် တာဝန်ခံမှုရှိစေရန် ထိန်းကျောင်းပေးပါ။

ဘတ်ဂျက်ဆိုင်ရာ အဆိုတင်သွင်းဆွေးနွေးမှုများက ရာသီဥတုပြောင်းလဲမှုလျော့ချ သက်သာစေရေးဆိုင်ရာ အစိုးရ၏လုပ်ငန်းများအကြောင်းဆွေးနွေးရန် အခွင့်အလမ်း တစ်ရပ်လည်း ဖြစ်ပါသည်။

မဲဆန္ဒရှင်များနှင့် မူဝါဒချမှတ်သူများအကြား ရာသီဥတုပြောင်းလဲမှုအပေါ်ဆောင်ရွက်ရန် အရေးပါမှုနှင့်စပ်လျဉ်းပြီး မီဒီယာများ၊ လူထုဟောပြောပွဲများမှတစ်ဆင့် ဆွေးနွေးမှုများ ဆောင်ရွက်မှုကို တွန်းအားပေးရန်နှင့် အသိပညာပေးမှုများကို မြှင့်တင်ဆောင်ရွက်ပါ။

လွှတ်တော်အတွင်းဖွဲ့စည်းထားသော ကော်မတီများကို အသုံးပြုပါ။ ကော်မတီအဖွဲ့ဝင် အဖြစ်ပါဝင်ဆောင်ရွက်လျက်ရှိသောကော်မတီအား ရာသီဥတုပြောင်းလဲမှုအရေးကြီးသည် ကို သိရှိနားလည်ပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အခြားပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လုပ်ဆောင်ပါ။

အချို့နိုင်ငံများတွင် ကော်မတီများအနေဖြင့် ပဲရစ်သဘောတူညီချက်အကောင်အထည် ဖော်ရေးအပေါ် အစိုးရများ၏လုပ်ဆောင်ချက်များကို မေးခွန်းများမေးမြန်း၊ စုံစမ်းဆွေးနွေး မှုများပြုလုပ်ခြင်း၊ တရားဝင်တုန့်ပြန်ချက်များတောင်းဆိုခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။

ပဲရစ်သဘောတူညီချက်ပါရည်မှန်းချက်များ၊ သက်ဆိုင်ရာနိုင်ငံအတွက် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှင့်မှုလျော့ချရေးဆိုင်ရာ သိပ္ပံနည်းကျ အကြံပြုချက်များနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိစေရန် ဆောင်ရွက်ပါ။ ပိုမိုသိရှိလိုပါက အကြံပြုချက်များအပိုင်းကို ဖတ်ရှုပါ။ ရာသီဥတုဆိုင်ရာသိပ္ပံပညာရှင်များ၊ သင့်ဒေသအတွင်းရှိအရပ်ဘက်အဖွဲ့အစည်းများအပါအဝင်သက်ဆိုင်သူများနှင့် ဆွေးနွေးပါ။

မဲဆန္ဒရှင်များနှင့်တွေ့ဆုံပြီး ရာသီဥတုနှင့်စပ်လျဉ်ပြီး ၎င်းတို့၏စိုးရိမ်မှုများကို ဖော်ထုတ်ပါ။ဥပမာအားဖြင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲပျှဖြစ်ပွားခဲ့လျင် ၎င်းတို့ဘဝရှင်သန်နေထိုင် ရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ၎င်းတို့နှင့်ဆွေးနွေးပါ။ မဲပေးနိုင် သူများမဟုတ်သော်လည်း ရွှေ့ပြောင်းနေထိုင်သူများနှင့် ကလေးသူငယ်များကိုလည်း ဆွေးနွေးရာတွင် ပါဝင်ပါစေ။

၎င်းတို့၏စိုးရိမ်သောကများကို ရာသီဥတုပြောင်းလဲမှုရည်မှန်းချက်ကိုမြှင့်တင်ရန် လိုအပ် ချက်တစ်ရပ်အဖြစ် စည်းရုံးဆော်ဩပေးနိုင်ပြီး ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ချဉ်းကပ်မှု နည်းလမ်းများက သင့်မဲဆန္ဒရှင်များ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပါသည်။

သင့်သက်ဆိုင်ရာအစိုးရ၏ **UNFCCC** အတွက် သတ်မှတ်ထားသည့်ပုဂ္ဂိုလ်ထံ သင့်နိုင်ငံ၏ **NDC** ဆိုင်ရာ အချက်အလက်များကို တောင်းခံပါ။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် **COP26** တွင် နိုင်ငံ့ကိုယ်စားပြုသွားရောက်ရန်အတွက် သင့်ကို ပါဝင်စေရန် တောင်းဆိုပါ။ယင်းသို့ဆောင်ရွက်ခြင်းဖြင့် စေ့စပ်ညှိနှိုင်းရေးတွင် လွှတ်တော်ဆိုင်ရာ ထိန်းကျောင်းမှုကို တိုးမြှင့်စေနိုင်ခြင်းနှင့် **NDC** ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်တို့ကို ပိုမိုကောင်းမွန်စေ နိုင်ပါသည်။

# UNFCCC နှင့်ပူးပေါင်းဆောင်ရွက်ခြင်း

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂပဋိညာဉ်မူဘောင်သည် ၁၉၉၂ ခုနှစ်တွင် လက်ခံကျင့်သုံးခဲ့သော နိုင်ငံတကာ စာချုပ်တစ်ခုဖြစ်ပါသည်။ ၎င်း၏ရည်မှန်းချက်မှာ ရာသီဥတုစနစ်တွင် လူသားများလုပ်ဆောင်မှုကြောင့် ထိခိုက်ပျက်စီးမှုကို ကာကွယ်မည့် လေထုထဲတွင် ဖန်လုံအိမ်ဓာတ်ငွေ့များတည်ရှိနေမှုအား အဆင့်တစ်ခုတွင် ပြန်လည် ဖော်ဆောင်ခြင်းနှင့် တည်ငြိမ်မှုရှိစေခြင်း ဖြစ်သည်။" နိုင်ငံတစ်နိုင်ငံအလိုက် အစိုးရက သတ်မှတ်တာဝန်ပေးထားသော UNFCCC ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်တစ်ဦးရှိသည်။ ၎င်း၏ တာဝန်မှာ UNFCCC နှင့်ဆက်သွယ်ဆောင်ရွက်ရန်နှင့် နိုင်ငံအဆင့်တွင် အချက်အလက် များ ဖြန့်ဖြူးပေးရန်ဖြစ်သည်။

အခြေအနေကို ပိုမိုရှာဖွေသိရှိရန်နှင့် ရည်မှန်းချက်ကို မြှင့်တင်ပေးရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် UNFCCC ဆိုင်ရာ တာဝန်ခံများကို ဆက်သွယ်နိုင်သည်။

## ကမ္ဘောဒီးယားနိုင်ငံ

H.E Mr. Say Samal ဝန်ကြီး၊ သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန
Mr. Mao Hak ညွှန်ကြားရေးမှူး၊ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာအမျိုးသား ကောင်စီ အတွင်းရေးမှူးချုပ်ရုံး

☏ (855-23) 21-3908 / 4-27894 (1)
✉ moe-cabinet@camnet.com.kh (1)
✉ cceap@online.com.kh(2)

## အင်ဒိုနီးရှားနိုင်ငံ

Mr. Ruandha Agung Sugardiman ၊ ညွှန်ကြားရေးမှူးချုပ်၊ သဘာဝ ပတ်ဝန်းကျင်နှင့် စွမ်းအင်ဝန်ကြီးဌာန

☏(62-21) 5730 144
✉ nfpcc.indonesia@gmail.com

## မလေးရှားနိုင်ငံ

Mr Jaya Singam Rajoo အကြီးတန်းအတွင်းဝန် (၁)
Mr Md Yusup Yusmazy လက်ထောက်အတွင်းဝန် (၂)စွမ်းအင်၊ သိပ္ပံ၊ နည်းပညာ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုရေးရာ ဝန်ကြီးဌာန

☏ (60-3) 8885-8690 (1)
✉ jayasingam@mestecc.gov.my (1)
☏(60-3)8885-8675 (2)
✉ yusmazy@mestecc.gov.my (2)

## မြန်မာနိုင်ငံ

ဦးလှမောင်သိန်း၊ ညွှန်ကြားရေးမှူးချုပ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတဝန်ကြီးဌာန

☏ (95-67) 431343
✉ dg.ecd@moecaf.gov.mm
✉ hlamaungthein.env@gmail.com

## ဖိလစ်ပိုင်နိုင်ငံ

H.E Mr. Emmanuel De Guzman၊ ဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရာသီဥတု ပြောင်းလဲရေး ကော်မရှင်Ms. Noralyn Junaira-Baja၊ လက်ထောက် အတွင်းရေးမှူး၊ ရာသီဥတုပြောင်းလဲရေး ကော်မရှင်

☏ (63-2) 735-6201 / 564-1451 to 80 (1)
✉ emmanuel.m.deguzman@gmail.com
✉ osec.ccc.ph@gmail.com (1)
✉ unio.div2@dfa.gov.ph (2)

## စင်္ကာပူနိုင်ငံ

Mr. Cheah Sin Liang၊ ဦးဆောင်ညှိနှိုင်းရေးမှူးနှင့် ဒုတိယညွှန်ကြားရေး မှူး၊ နည်းဗျူဟာအုပ်စု၊ ဝန်ကြီးချုပ်ရုံး

☏ (65) 6354 9221, (65) 6354 9218
✉ nccs_international@pmo.gov.sg
✉ cheah_sin_liang@pmo.gov.sg

## တီမောလက်စ်တေနိုင်ငံ

Mr. Adao Soares Barbosa၊ UNFCCC ဆိုင်ရာတာဝန်ခံ၊ သဘာဝ ပတ်ဝန်းကျင်နှင့် သစ်တောများ ပြန်လည်ထိန်းသိမ်းရေးဝန်ကြီးဌာန အတွင်းရေးမှူးရုံး

☏ (670) 333-1118
✉ adaosoaresb@yahoo.com

## ထိုင်းနိုင်ငံ

Ms. Natthanich Asvapoositkul၊ ညွှန်ကြားရေးမှူး၊ ရာသီဥတုပြောင်းလဲမှု စီမံခန့်ခွဲမှု နှင့် ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတဝန်ကြီးဌာန

☏ (66-2) 265 6690
✉ natthan.asv@gmail.com
✉ unfccc.thailand.focalpoint@gmail.com

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာအစီအစဉ်များအား မြှင့်တင်ရန် အကြံပြုချက်များ

အောက်ဖော်ပြပါဇယားတွင် ရာသီဥတုပြောင်းလဲမှုကို လျော့ချသက်သာစေရန် ပဲရစ်သဘော တူညီချက်ဆိုင်ရာ ရည်မှန်းချက်အား ဆောင်ရွက်ရန်အလို့ငှာ အာဆီယံနိုင်ငံများ၏ NDCs များအတွက် အဓိက သိပ္ပံနည်းကျ အကြံပြုချက်များအား အကျဉ်းချုပ်ဖော်ပြထားပါသည်။

## INDONESIA

**NDC ရည်မှန်းချက်*:**

၂၀၃၀ ပြည့်နှစ်မတိုင်မီ ပုံမှန်စီးပွားရေးလုပ်ငန်းများ (BAU) ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှုကို ၄၁ ရာခိုင်နှုန်းအထိ လျော့ချရန်

**NDC အကဲဖြတ်လေ့လာချက်:**

+၄ ဒီကရီ**၊
✗ အလွန်လုံလောက်မှုမရှိပါ။
✓လူ့အခွင့်အရေးများကိုဖော်ပြထားသည်။
✗ ရည်မှန်းချက်များကို ၂၀၂၀ ပြည့်နှစ်တွင်တိုးမြှင့်ရန် ကတိကဝတ် မရှိပါ။

**ပိုမိုကောင်းမွန်စေရန်ကြံပြုချက်များ:**

- NDC ရည်ရွယ်ချက်များဆိုင်ရာ ရည်မှန်းချက်များကို မြှင့်တင်ပါ။
- ၂၀၂၀ ပြည့်နှစ်မကုန်ဆုံးမီ မီးသွေးထုတ်လုပ်မှုကို အဆင့်ဆင့်ရုတ်သိမ်းပြီး မီးသွေးတွင် ရင်းနှီးမြှုပ်နှံမှုကိုရပ်တန့်ပါ။
- ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာထောက်ပံ့ငွေများသုံးစွဲမှုကို အဆင့်ဆင့်ရုတ်သိမ်းပါ။
- အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာဦးတည်ချက်များကို ပြည့်မီစေရန် ဆောင်ရွက်ပါ။
- သစ်တောများခုတ်ထွင်ဖယ်ရှားခြင်း၊ မီးရှို့ခြင်းနှင့် မြူဆိုင်းခြင်း ကိစ္စတို့ကို ဖြေရှင်းပါ။
- ဇီဝလောင်စာအတွက် အပါအဝင် စားအုန်းဆီထုတ်လုပ်မှုကဏ္ဍတိုးချဲ့ဆောင်ရွက်နေမှုအား စည်းမျဉ်းများချမှတ်ဆောင်ရွက်ပါ။
- ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှုသုညအဆင့်ရောက်ရှိစေရေးအတွက် ဥပဒေပြုများပြု ခြင်းဖြင့် သတ်မှတ်သက်တမ်းချမှတ်ဆောင်ရွက်ပါ။
- ငွေကြေးစီးဆင်းမှုများအား ပဲရစ်သဘောတူညီချက်ပါပန်းတိုင်များနှင့်အညီဖြစ်စေရေး ဆောင်ရွက်ပါ။

## မလေးရှားနိုင်ငံ

**NDC ရည်မှန်းချက်*:**

၂၀၀၅ ခုနှစ် GDP အရ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှုပြင်းထန်မှုအားအရ ၂၀၃၀ ပြည့်နှစ်မတိုင်မီ GDP အရ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှု ပြင်းထန်အားကို ၄၅ ရာခိုင်နှုန်းအထိ လျော့ချရန်

**NDC အကဲဖြတ်လေ့လာချက်:**

✗ လုံလောက်မှုမရှိပါ။
✗ လူ့အခွင့်အရေးများကို ဖော်ပြထားခြင်းမရှိပါ။
✗ ရည်မှန်းချက်များကို ၂၀၂၀ ပြည့်နှစ်တွင်တိုးမြှင့်ရန် ကတိကဝတ် မရှိပါ။

**ပိုမိုကောင်းမွန်စေရန်ကြံပြုချက်များ:**

- NDC ရည်ရွယ်ချက်များဆိုင်ရာ ရည်မှန်းချက်များကို မြှင့်တင်ပါ။
- အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို တိုးတက်စေရန် တွန်းအားပေးပါ။
- ငွေကြေးစီးဆင်းမှုများအား ပဲရစ်သဘောတူညီချက်ပါပန်းတိုင်များနှင့်အညီဖြစ်စေရေး ဆောင်ရွက်ပါ။
- ၂၀၄၀ ပြည့်နှစ်မကုန်ဆုံးမီ မီးသွေးထုတ်လုပ်မှုကို အဆင့်ဆင့်ရုတ်သိမ်းပြီး မီးသွေးတွင် ရင်းနှီးမြှုပ်နှံမှုကိုရပ်တန့်ပါ။
- ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာထောက်ပံ့ငွေများသုံးစွဲမှုကို အဆင့်ဆင့်ရုတ်သိမ်းပါ။
- ဇီဝလောင်စာအတွက် အပါအဝင် စားအုန်းဆီထုတ်လုပ်မှုကဏ္ဍတိုးချဲ့ဆောင်ရွက်နေမှုအား စည်းမျဉ်းများချမှတ်ဆောင်ရွက်ပါ။
- ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှုသုညအဆင့်ရောက်ရှိစေရေးအတွက် ဥပဒေပြုများပြု ခြင်းဖြင့် သတ်မှတ်သက်တမ်းချမှတ်ဆောင်ရွက်ပါ။
- ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆောင်ရွက်မှုများတွင် လူ့အခွင့်အရေးများအားကာကွယ်၊ မြှင့်တင် လေးစားရန်ကတိကဝတ်ပြုပါ။

## ဖိလစ်ပိုင်နိုင်ငံ

**NDC ရည်မှန်းချက်*:**

၂၀၃၀ ပြည့်နှစ်မတိုင်မီ ပုံမှန်စီးပွားရေးလုပ်ငန်းများ (BAU) ၏ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှုကို ၇၀ ရာခိုင်နှုန်းအထိ လျော့ချရန်

**NDC အကဲဖြတ်လေ့လာချက်:**

+၂ ဒီကရီ**။
✓လူ့အခွင့်အရေး များကိုဖော်ပြထားသည်။
✗ NDC ရည်မှန်းချက်များကို ဖော်ဆောင်ရန်မူဝါဒများမရှိပါ။
✗ ရည်မှန်းချက်များကို ၂၀၂၀ ပြည့်နှစ်တွင်တိုးမြှင့်ရန် ကတိကဝတ် မရှိပါ။

**ပိုမိုကောင်းမွန်စေရန်ကြံပြုချက်များ:**

- NDC ရည်ရွယ်ချက်များဆိုင်ရာ ရည်မှန်းချက်များကို မြှင့်တင်ပါ။
- ပုံမှန်စီးပွားရေးအခြေအနေကိုရှင်းလင်းဖော်ပြထားသည့် NDC အသစ်ကို တင်သွင်းပါ။
- အနာဂတ်တွင် မြေယာများအသုံးပြုထုတ်လွှင့်မှုအခြေအနေကို တိုင်းတာပြပါ။
- ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှုသုညအဆင့်ရောက်ရှိစေရေးအတွက် ဥပဒေပြုများပြု ခြင်းဖြင့် သတ်မှတ်သက်တမ်းချမှတ်ဆောင်ရွက်ပါ။
- ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာထောက်ပံ့ငွေများသုံးစွဲမှုကို အဆင့်ဆင့်ရုတ်သိမ်းပါ။
- ငွေကြေးစီးဆင်းမှုများအား ပဲရစ်သဘောတူညီချက်ပါပန်းတိုင်များနှင့်အညီဖြစ်စေရေး ဆောင်ရွက်ပါ။
- ၂၀၄၀ ပြည့်နှစ်မကုန်ဆုံးမီ မီးသွေးထုတ်လုပ်မှုကို အဆင့်ဆင့်ရုတ်သိမ်းပြီး မီးသွေးတွင် ရင်းနှီးမြှုပ်နှံမှုကိုရပ်တန့်ပါ။

## စင်ကာပူနိုင်ငံ

**NDC ရည်မှန်းချက်*:**

၂၀၀၅ ခုနှစ် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှု ပြင်းထန်မှုအားအရ ၂၀၃၀ ပြည့်နှစ်မတိုင်မီ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှင့်မှု ပြင်းထန်အားကို ၃၆ ရာခိုင်နှုန်း အထိ လျှော့ချရန်နှင့် ၂၀၃၀ ခုနှစ်ခန့်တွင် ထုတ်လွှင့်မှုအားကို တည်ငြိမ်စွာထိန်းသိမ်းထားရန်

**NDC အကဲဖြတ် လေ့လာချက်:**

+ ၄ ဒီကရီ**။
✗ လုံလောက်မှုလုံးဝ မရှိပါ။
✗ လူ့အခွင့်အရေး များကိုဖော်ပြထားခြင်းမရှိပါ။
✗ ရည်မှန်းချက်များကို ၂၀၂၀ ပြည့်နှစ်တွင်တိုးမြှင့်ရန် ကတိကဝတ် မရှိပါ။

**ပိုမိုကောင်းမွန်စေရန်ကြံပြုချက်များ:**

- NDC ရည်ရွယ်ချက်များဆိုင်ရာ ရည်မှန်းချက်များကို မြှင့်တင်ပါ။
- ဓာတ်ငွေ့များအပေါ် မှီခိုအားထားနေရခြင်းကို ဖြေရှင်းပါ။ ( ပုံစံမပြောင်းနိုင်သော စွမ်းအင်များကိုသုံးစွဲနေခြင်းနှင့် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာအပေါ် မှီခိုနေ ရခြင်း)
- ကာဗွန်အပေါ်အခွန်ကောက်ခံမှုနည်းပါးနေသည့်အဆင့်အား ဖြေရှင်းခြင်း။
- ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှုသုညအဆင့်ရောက်ရှိစေရေးအတွက် ဥပဒေပြုများပြု ခြင်းဖြင့် သတ်မှတ်သက်တမ်းချမှတ်ဆောင်ရွက်ပါ။
- ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာထောက်ပံ့ငွေများသုံးစွဲမှုကို အဆင့်ဆင့်ရုတ်သိမ်းပါ။
- ငွေကြေးစီးဆင်းမှုများအား ပဲရစ်သဘောတူညီချက်ပါပန်းတိုင်များနှင့်အညီဖြစ်စေရေး ဆောင်ရွက်ပါ။
- ပြည့်နှစ်မကုန်ဆုံးမီ မီးသွေးထုတ်လုပ်မှုကို အဆင့်ဆင့်ရုတ်သိမ်းပြီး မီးသွေးတွင် ရင်းနှီးမြှုပ်နှံမှုကိုရပ်တန့်ပါ။
- ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆောင်ရွက်မှုများတွင် လူ့အခွင့်အရေးများအား ကာကွယ်၊ မြှင့်တင် လေးစားရန်ကတိကဝတ်ပြုပါ။

## ထိုင်းနိုင်ငံ

**NDC ရည်မှန်းချက်*:**

၂၀၃၀ ပြည့်နှစ်မတိုင်မီ ပုံမှန်စီးပွားရေးလုပ်ငန်းများ (BAU) ၏ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှင့်မှုကို ၂၅ ရာခိုင်နှုန်းအထိ လျှော့ချရန်

**NDC အကဲဖြတ် လေ့လာချက်:**

✗ လုံလောက်မှုမရှိပါ။
✗ လူ့အခွင့်အရေးများကို ဖော်ပြထားခြင်းမရှိပါ။
✗ ရည်မှန်းချက်များကို ၂၀၂၀ ပြည့်နှစ်တွင်တိုးမြှင့်ရန် ကတိကဝတ် မရှိပါ။

**ိုမိုကောင်းမွန်စေရန်ကြံပြုချက်များ:**

- NDC ရည်ရွယ်ချက်များဆိုင်ရာ ရည်မှန်းချက်များကို မြှင့်တင်ပါ။
- သန့်ရှင်းသောအများပြည်သူသုံးသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ချဲ့ထွင်ဆောင်ရွက်ပါ။
- ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှုသုညအဆင့်ရောက်ရှိစေရေးအတွက် ဥပဒေပြုများပြု ခြင်းဖြင့် သတ်မှတ်သက်တမ်းချမှတ်ဆောင်ရွက်ပါ။
- ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာထောက်ပံ့ငွေများသုံးစွဲမှုကို အဆင့်ဆင့်ရုတ်သိမ်းပါ။
- ငွေကြေးစီးဆင်းမှုများအား ပဲရစ်သဘောတူညီချက်ပါပန်းတိုင်များနှင့်အညီဖြစ်စေရေး ဆောင်ရွက်ပါ။
- ၂၀၄၀ ပြည့်နှစ်မကုန်ဆုံးမီ ပြည်ပအပါအဝင် မီးသွေးထုတ်လုပ်မှုကို အဆင့်ဆင့်ရုတ်သိမ်းပြီး မီးသွေးတွင် ရင်းနှီးမြှုပ်နှံမှုကိုရပ်တန့်ပါ။
- ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆောင်ရွက်မှုများတွင် လူ့အခွင့်အရေးများအား ကာကွယ်၊ မြှင့်တင် လေးစားရန်ကတိကဝတ်ပြုပါ။

*သည် နိုင်ငံအလိုက် အခြေအနေပြုထုတ်လွှင့်မှုသတ်မှတ်ချက်ဖြစ်သည်။ အကြွင်းမဲ့ သတ်မှတ်ချက်များနှင့် မတူညီသည်မှာ ခြွင်းချက်ရှိသော သတ်မှတ်ချက်သည် လုပ်ငန်းများဆောင်ရွက်ရန်နိုင်ငံတကာအသိုင်းအဝိုင်းထံမှ သင့်လျော်သော ရန်ပုံငွေထောက်ပံ့ပေးမှုပေါ် မူတည်နေသည်။
**သည်အကယ်၍ ကမ္ဘာ့နိုင်ငံများသည် ၎င်းတို့နိုင်ငံများထုတ်လွှင့်မှုနှင့်ယှဉ်ပြီး တူညီသော ကြိုးပမ်းဆောင်ရွက်မှုရှိခဲ့ပါလျှင် ကမ္ဘာ့အပူချိန်သည် ၂၁၀၀ ပြည့်နှစ်တွင် ၄ ဒီဂရီဆဲလ်ဆီးယက်စ်အထိ( ဖိလစ်ပိုင်နိုင်ငံတွင် ၂ ) တိုးမြှင့်လာမည်ဖြစ်ကြောင်းဆိုလိုသည်။.
အချက်အလက်များသည် ၂၀၁၉ ဒီဇင်ဘာလတွင် *The truth behind the climate pledges report*, *UNFCCC NDC registry*, *Climate scorecard*, *Climate Action Tracker*, *Climate Watch 2020 NDC Tracker*, *NDC Explorer*, *Climate Analytics report*, *STOTEN 650 (2) 1858-1871*, အရဖြစ်သည်။

## FOR MORE INFORMATION:

- Climate Action Tracker
- The Truth Behind the Climate Pledges, report
- United Nations Emissions Gap report 2019
- UNFCCC NDC registry
- Climate Watch 2020 NDC Tracker

ယခုထက်ပို၍အချက်အလက်များရရှိလိုပါက သို့မဟုတ် အဆိုပါကိစ္စများကို သင့်နိုင်ငံနှင့် လွှတ်တော်တွင် ဆွေးနွေးဖြေရှင်းလိုပါက *Cannelle Gueguen-Teil (cannelle@aseanmp.org )*ကို ဆက်သွယ်နိုင်ပါသည်။

APHR ASEAN PARLIAMENTARIANS FOR HUMAN RIGHTS
www.aseanmp.org | twitter / facebook / instagram: @aseanmp
AUGUST 2020
FRIEDRICH EBERT STIFTUNG